အနုပါဒိန္န အနုပါဒါနိယော ဓမ္မော အနုပါဒိန္နုပါဒါနိယဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အနုပါဒိန္နအနုပါဒါနိယာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

အနုပါဒိန္နအနုပါဒါနိယော ဓမ္မော အနုပါဒိန္နုပါဒါနိယဿ စ အနုပါဒိန္န အနုပါဒါနိယဿ စ ဓမ္မဿ ဟေတုပစ္စ

ယေန ပစ္စယော။ အနုပါဒိန္နအနုပါဒါနိယာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## အဘိဓမ္မာ အခါတော်နေ့ ပါဠိတော်ပြီး၏။

ဤတွင် ဘုရားမကွပါဠိ ပိဋကတ် အကျဉ်းချုပ် ပရိတ်တော် ၃၇ သုတ် ပါဠိတော်ပြီး၏။

ဤသို့ပြုရ ကုသလကြောင့် သဗ္ဗညုတ ရွှေဉာဏ်ကို ကေန်ထုတ်ချောက် လက်သို့ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ သတ္တဝါ အပေါင်းအား ကယ်တင်နိုင်သည့် "ပညာဓိကဘုရား" ထင်ရှား ဖြစ်ပါစေကြောင်း ဆုမွန်တောင်း၏။

---

(က) ဒွတ္တိံသာကာရအနုလုံပဋိလုံပါဠိမြန်မာပြန်

၁။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော။
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ၊

ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ၊ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ (အနုလောမ)

မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော၊ ဝသာအဿု မေဒေါ သေဒေါ၊ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊ ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ၊ ဝက္ကံ အဋ္ဌိမဉ္ဇံ အဋ္ဌိ နှာရုမံသံ၊ တစော ဒန္တာ နခါ လောမာ ကေသာ (ပဋိလောမ)

၂။ ဣမသ္မိံ မမကာယေဣမေကေသာနာမဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာဇေဂုစ္ဆာ ပဋိကူလာ။

၃။ ဣမသ္မိံ မမ ကာယေ ဣမေ လောမာနာမ (လ) ပဋိကူလာ ဣမသ္မိံ မမ ကာယေ ဣဒံမုတ္တံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသ တောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

၄။ ဣမ သ္မိံ မမ ကာယေ ဣမေ ကေသာ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိယက္ကော

နိဗ္ဗိဒါ အဗျာကတော သုညော ပထဝီဓါတု
ယော၀။ (လ)

၅။ လူမသိမ်မ မကာယေ ကူဒံမုတ္တံ နာမပါဋိယေတ္တံ
ကောဋ္ဌာသံနိယတ္တံ နိဗ္ဗာနံ အဗျာကတံ သုညံ
အာပေါဓာတုယော၀။

## မြန်မာပြန်

၁။ ဆံပင်၊ မွေးညှင်း ခြေသည်း၊ လက်သည်း၊ သွား၊
အရေ၊ အသား၊အကြော၊ အရိုး၊ ရိုးတွင်းခြင်
ဆီ၊ အညှို။ နှလုံး၊ အသည်း၊ အမွေး အပြင်၊
အဆုပ်။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာ
ဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊
သွေး၊ ချွေး၊ အဆီခဲ မျက်ရည်။ ဆီကြည်
တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ် (အနုလုံ)
ကျင်ငယ်၊အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်
ရည်၊အဆီခဲ၊ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်း
ခြေ၊ ဦးနှောက်၊ အစာဟောင်း အစာသစ်
အူသိမ် အူမ အဆုပ် အပြင်အမွေး အသည်း
နှလုံး၊အညှို၊ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊
အရေ၊သွား၊လက်သည်း၊ ခြေသည်း၊ မွေးညှင်း၊
ဆံပင် (ပဋိလုံ)

၂။ ဤ ငါ၏ ခန္ဓာကိုယ် အကောင်ပုပ်၌ ဤဆံ
ပင်တွေကား အဆင်းအားဖြင့်၎င်း၊ အနံ့
အားဖြင့်၎င်း၊ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ တည်

ရာအားဖြင့်ရင်း၊ မီးရာအားဖြင့်ရင်း၊ မဘင့်မတယ် စက်ဆုပ်ဘွယ် ရွံရှာဘွယ်ဖြစ်ကုန်၏။

၃။ ဤ ငါ၏ ခန္ဓာကိုယ် အကောင်ပုပ်၌၊ ဤမွေးညှင်းတွေကား (လ) မတင့်မတယ်၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်ကုန်၏ (တတ်နိုင်လျှင် မြှုပ်ထားသမျှ ဖော်ဆိုပါ)

၄။ ဤ ငါ၏ ခန္ဓာကိုယ် အကောင်ပုပ်၌ ဤဆံပင်တွေကား အသီးအခြားဖြင်၏၊ အဘို့အစုတခုဖြစ်၏၊ သတ္တဝါကောင်မဟုတ်၊ အသက်ဝိညာဉ်မရှိ၊ တခြားတပါးသာဖြစ်၏၊ အနှစ်လုံးလုံး ဆိတ်သုန်း၏၊ ပတာဝိဓာတ်မျှသာဖြစ်၏။ (၃၂ ပါးပြည့်အောင်အားလုံးဖော်ထုတ်ဆိုပါ)

ဒွတ္တိံသာကာရအနုလုံပဋိလုံပါဠိ မြန်မာပြန်ပြီး၏။

---

## ၁-ပထဝီဇယ မန္တန်ပါဠိ မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

၁။ သြဓိ ပထဝီ ဇယံ သဗ္ဗံ၊
အနေက အန္တရာ ယိကာ ံ။

ဇယံ ပစ္စေကဗုဒ္ဓါ စ၊
ဇယံ ပရိ မ ဟောသယော။

၂။ ဇယံ ဟရော ဟရိဒေဝေါ၊
ဇယံ ဗြဟ္မာ ဓတရဋ္ဌော။
ဇယံ နာဂေါ စ ဝိရူဠှော၊
ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိဏှုန္ဒော ဝေနတေယျော စ၊
ကုဝေရော ဝရုဏော ပိစ။
အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊
ကုမာရော စတု ပါလကော။

၄။ အဋ္ဌာရသ မဟာ ဒေဝါ၊
သုခိတာ စ ပသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊
သဗ္ဗံ ဇယံ ဒ ဒန္တု မေ။

၅။ ဇေယျာ ဓမ္မော စ သံဃော စ၊
ဒသ ဗလော စ ဇေယျကော။
ဇ တေန သစ္စ ဝဇ္ဇေန၊
ဇေယျာ သုခီ ဘဝန္တု မေ။

၆။ နရာ ဒေဝါ စ ဗြဟ္မာနော၊
ယက္ခာ နာဂါ စ ဂရုဠာ။
တေပိ ဒိသွာ ပိယာ မယှံ၊
ပုတ္တံ မမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါ စ၊
အရဟာ အဂ္ဂ သာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊
သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။

၈။ တေသံ မေတ္တာ နုဘာဝေန၊
သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝံ။

၉။ ဣမသ္မိံ စက္ကဝါဠေ စ၊
ဗဟူ အနန္တ ပါဏိနော။
အနန္တ စက္ကဝါဠေ စ၊
ဗဟူ အနန္တ ပါဏိနော။

၁၀။ ဣမေ သတ္တာ အဝေရာ စ၊
အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊
အညမညံ သုခါ ဟောန္တု။

၁၁။ နေရယိကာ တိရစ္ဆာနာ၊
ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊
ဒုက္ခာ မုစ္စန္တု တတ္တကာ။

၁၂။ ဒသ ကောဋိ ဒကဇာ စ၊
ထလဇာ နဝ ကောဋိယော။

သံသေဒဇာ ပပါတိကာ၊
ဒိဿာယုကာ ဘ၀န္တု တေ။

၁၃။ ဥဒ္ဓံ ယာ၀ ဘ၀ဂ္ဂါ စ၊
အဓော ယာ၀ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊
ယေ သတ္တာ ပထဝီစရာ။

၁၄။ အဗျာပဇ္ဇာ နိဝေရာ စ၊
နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

## ပထဝီဇယမန္တာန် မြန်မာပြန်

(၁) ဩ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာ ကျက်သရေ အထွေထွေသည် မသွေမခြား၊ ဒီရေအလားကဲ့သို့ အကျွန်ုပ်တို့အား တိုးပွား အောင်မြင်ပါစေသတည်း၊ တပါးမက များလှသွယ်သွယ်အန္တရာယ်ကို ပြုတတ်ကုန်သော ကောင်းကင်ရေမြေ တည်နေသမျှ ရန်အ၀၀တို့သည် တစမကြွင်း ပျောက်ပျက်ခြင်းသို့ရောက်ကာ အောင်မြင်ပါစေသတည်း၊ သာသနာပ ခါသမယ၌ပွင့်ကြသီးသီး၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့သည်၎င်း။ ရဟန္တာသခင် အရှင်မြတ်များနှင့်

တကွ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်၎င်း၊ အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေမှု အောင်ကြောင်းဆုကို ထောက်ရှုညှာတာ ပေးသနားတော် မူပါစေသတည်း။

(၂) နှလုံးဟဒယ စိတ်ဆန္ဒကို ပြည့်ဝလေအောင် ရွက်ဆောင်တတ်သော ဟရမည်သော နတ်မင်း ဟရိဒေဝမည်သော နတ်မင်းများသည်၎င်း၊မြေလျှိုး မိုးပျံ တန်ခိုးစွမ်းကြီးမား ဗြဟ္မာမင်းကြီးများနှင့်တကွ ဓတရဋ္ဌနတ်မင်း မဟာနာဂ နတ်မင်း ဝိရူဠှကနတ်မင်း၊ဝိရူပက္ခနတ်မင်းများသည်၎င်း၊ လဗိမာန်ကို မှီခိုလေးစား လနတ်သားသည်၎င်း၊ အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာချမ်းသာစေမှုအောင်ကြောင်းဆုကို ထောက်ရှုညှာတာ ပေးသနားတော်မူပါစေသတည်း။

(၃) အထူးထူးအပြားပြား နတ်အများကိုအစိုးရသော သိကြားမင်း ဂဠုန်မင်း ကုဝေရနတ်မင်း ဝရုဏနတ်မင်း မီးနတ် လေနတ် မိုးနတ် ဗိုဿနိုးနတ်တို့နှင့်တကွ အရပ်လေးမျက်နှာကို မကွာ စောင့်ကြပ်၊ စတုလောကပါလ နတ်မင်းများသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေမှု အောင်ကြောင်းဆုကို ထောက်ရှုညှာတာ ပေးသနားတော်မူပါစေသတည်း။

(၄) စိဘ်နှလုံးကိုရွှင်ပြုံးမွေ့မွေ့လွှန်ချမ်းမြေ့အောင် ဖိုးဆောင်နိုင်ကြကုန်သော တဆယ့်ရှစ်ပါးသော နတ်မင်းကြီးများတို့သည်၎င်း၊ အထူးထူးအပြား ပြားအကျိုးတရားတိုးပွားအောင်ရွက်ဆောင်နိုင် ကြကုန်သော တေဒဂ်တံဆိပ်ရ ရှစ်ကျိပ်မျှ သော မဟာသာဝက ရဟန္တာအရှင်မြတ်ကြီး တို့သည်၎င်း၊ အကျွန်ုပ်တို့အား အလုံးစုံသော ချမ်းသာစေမှု အောင်ကြောင်းဆုကို ထောက် ရှုညာတာ ပေးသနားတော်မူပါစေသတည်း။

(၅) ရန်ခပင်းကို အောင်ခြင်းငှာ စွမ်းဆောင်နိုင်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်သည်၎င်း ပရ မတ္တာသံဃာ အရိယာ ရှစ်ပါးနှင့်တကွ သမ္မုတိ ဂိုဏ်းဝင် သံဃာတော် အရှင်မြတ်များသည်၎င်း ကိုယ်တော်အားဆယ်ပါး ဉာဏ်တော်အားဆယ် ပါးနှင့်မခြား ကုံလုံပြည့်စုံတော်မူသော ဘုရား ရှင် ကိုယ်တော်မြတ်သည်၎င်း၊ ရန်မျိုးဥဿုံ အလုံးစုံကို မကုန်မကြွင်း အောင်မြင်ခြင်းရှိတော် မူ၏။ ဤသို့ဆိုငြား၊မှန်ကန်သော သစ္စာစကား ကြောင့် အကျွန်ုပ် တို့အား ချမ်းသာစေမှု အောင်ကြောင်းဆုသည် ယခုမကြာ ဖြစ်ပါစေ ကုန်သတည်း။

(၆) ကုန်သည်ဆင်းရဲသား၊ပုဏ္ဏား၊မင်းစိုး၊ လူအမျိုးမျိုးတို့သည်၎င်း၊ ဘုမ္မစိုး၊ရုက္ခစိုး၊တန်ခိုးကြီးမား အမျိုးမျိုးသော နတ်မင်းကြီးများတို့သည်၎င်း၊ ဗြဟ္မာပြည်၌ နှစ်ခြိုက်ကြည်ရွှင် စျာန်အဘိညာဉ်ဖြင့် အစဉ်ကြီးပွား၊ဗြဟ္မာကြီးများတို့သည်၎င်း၊ တရား မနူး နတ်ဘီလူး နှင့် မျိုးထူး နဂါး ဂဠုန်များတို့သည်၎င်း၊အကျွန်ုပ်တို့အားတွေ့ကြုံ ကြားသည်ရှိသော် ကိုယ်၌မွေးဖွား-ရင်ငယ်သားကဲ့သို့ သနားချစ်ခင်ကြပါစေကုန်သတည်း။

(၇) ဉေယျဓံငါးပါး မြတ်တရားကို-ပိုင်းခြားသိမြင် ဘုရားရှင် တို့သည်၎င်း၊ သာသနာပ ခါသမယ၌ ပွင့်ကြ သီးခြား ပစ္စေကဗုဒ္ဓါအရှင်မြတ် တို့သည်၎င်း၊ တဏှာ့ကုန်ခန်းနိဗ္ဗာန်နန်းသို့ ကြွမြန်းကုန်လတ် ရဟန္တာအရှင်မြတ်တို့သည်၎င်း၊ လက်ဝဲရံ လက်ျာရံ နှစ်တန်ထူးခြား အဂ္ဂသာဝက အရှင်မြတ်နှစ်ပါး တို့သည်၎င်း၊ လောက၌ ထင်ရှား မသွေ့ရှိကြပေကုန်၏။ထိုဆိုခဲ့ပြီးတုံ အလုံးစုံသော အရှင်ကောင်း အရှင်မြတ် အပေါင်း တို့သည် ကျွန်ုပ်တို့အား မေတ္တာတရား ပွားများ နိုင်ကြပါစေကုန်သတည်း။ အကျွန်ုပ် တို့၏ ဦးခေါင်း ထက်၌ တက်ရောက်စံနေ ရပ်တန့်တော် မူကြပါစေကုန်သတည်း။

(၈) ထို ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုး တေဇော် မေတ္တာတော် အာနုဘော် ကြောင့် အကျွန်ုပ်တို့အား အလုံးစုံသော ကိုးဆဲ့ ခြောက်ဖြာ ရောဂါဝေဒနာတို့သည် ပိန်းကြာ ဖက်တွင် ရေမတင် သကဲ့သို့ ကင်းစင် လွင့်ပ အေးမြကြပါစေသတည်း။ အလုံးစုံသော ဘေး အသွယ်သွယ်၊ အန္တရာယ်အဝဝ ရန်စွယ်ဟူသမျှ တို့သည် မှုန့်မျှမရောက် ကင်းပျောက်ကြပါစေ သတည်း။ အလုံးစုံသော ကပ်၍ နှိပ်စက်တတ် သော ဥပဒ္ဒဝေါတို့သည်-ရွှေ့လျော ကွာပြတ် မကပ်မတွယ် ကြဉ်ဖယ် ပျောက်ပျက်ကြ ပါစေ သတည်း။

(၉) ဤ လောကဓာတ် စကြဝဠာ အရပ် ဥ္ဒရင်း၊
(၁၀) အခြားသော လောကဓာတ် အပိုင်းအခြားမရှိ သော စကြဝဠာ အရပ်ဥ္ဒရင်း၊ ရေတွက်မရ၊ များလှသောင်းသောင်း အပိုင်းအခြားမရှိသော သတ္တဝါအပေါင်းတို့သည် ထင်ရှားမသွေ့ရှိကြ ပေကုန်၏။ ဤသတ္တဝါ အပေါင်းတို့သည် ဘေး ရန်ခပ်သိမ်း ကင်းငြိမ်း ကြပါစေ၊ သတ္တဝါ အချင်းချင်း တယောက်သည် တယောက်အား မေတ္တာစိတ် ထားနိုင်ကြပါစေ၊ သတ္တဝါအချင်း ချင်း တယောက်သည်တယောက်အား ချမ်းသာ လိုလား မေတ္တာစိတ်ပွားနိုင်ကြပါစေသတည်း။

(၁၁) ဆင်းရဲများပြား ငရဲသားတို့သည်၎င်း၊ မဂ်ဖိုလ်မှ ဖီဆန် အဟိတ်တိရစ္ဆာန်တို့သည်၎င်း၊ ချမ်းသာ ကင်းကွာ ဘုတ်ပြိတ္တာတို့သည်၎င်း၊ မြူးတူးပျက်ပြယ် အသူရကာယ်တို့သည်၎င်း၊ ငရဲသနင်းယမ မင်းသည်၎င်း ဤဆိုခဲ့ပြီးတုံ အလုံးစုံသော သတ္တဝါတို့သည် ပင်ပန်း ညှဉ်းဆဲဆင်းရဲခြင်းမှ၊ မယွင်းမသွေ ကင်းလွတ်ကြပါစေသတည်း။

(၁၂) ရေနေဆယ်ကုဋေ၊ ကုန်းနေကိုးကုဋေအထွေထွေ သောသတ္တဝါတို့သည်၎င်း၊ အညီ အဟောက်ကို စွဲရောက်ဖြစ်လာ သံသေဒဇ သတ္တဝါ တို့သည် ၎င်း၊ ကိုယ်နေကြီးမား ထင်ရှားဖြစ်လာ ဥပပတ် သတ္တဝါတို့သည်၎င်း၊ ထင်ရှားမသွေ ရှိကြကုန်၏၊ ထို ဆိုအပ်ခဲ့ပြီး အသီးသီး အဝဝ သတ္တဝါ ဟူသမျှ တို့သည်—ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ စွာဖြင့် ရောဂါမဖက် အသက်ရှည်ကြာတည်နိုင် ကြပါစေကုန်သတည်း။

(၁၃) အထက်ဘဝဂ်၊ အောက် အဝီစိ တည်ရှိကြသော စကြဝဠာ အနန္တတို့၌ ကောင်းကင် ရေ မြေ နေနေသမျှ သတ္တဝါ အဝဝတို့သည် စိုးရိမ် ကြောင့်ကြ ဗျာပါဒမှ ကင်းလွတ်ကြပါစေ၊ ဘေးရန်ခပ်သိမ်း ရှောင်သွေတိမ်း၍ အေးငြိမ်း ကြပါစေ၊ ပင်ပန်းညှဉ်းဆဲ ဆင်းရဲခြင်းမှ ကင်း လွတ်ကြပါစေ၊ ဥပဒ်အန္တရာယ် မကပ်မတွယ်

ကြည့်ဖယ်ကြပါစေ၊ ခပ်သိမ်းများစွာ ဆွေမျိုး ဉာတ တကာတို့နှင့်တကွ အလုံးစုံသောသတ္တဝါ အပေါင်းတို့သည် ဘေးရန်ကင်းကွာ မင်္ဂလာ ကျက်သရေ အထွေထွေနှင့် ပြည့်စုံကြပါစေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ဘုန်းမီး နေလ ထွန်းတောက်ပ၍ ဂ နေ့တခြား တက်နေ လားကဲ့သို့ ထွန်းကားပါစေသတည်း။

[ပထဝီဇယမန္တာန် ပါဠိမြန်မာပြန်ပြီး၏။]

## ၈။ ဗုဒ္ဓါဒိဂုဏဇ္ဈာရမန္တာန်တော်

### နေ့စဉ်မှန်မှန်ရွတ်ဆိုရန်

ကြောင်း–အစိန္တေယျ–အစိန္တေယျ–အစိန္တေယျအပ္ပမေယျ အပ္ပမေယျ-အပ္ပမေယျ-ဉာဏသမန္နဿ–ဘဂဝတော-အရဟတော သမ္မာသမ္ဗုဒ္ဓဿ–ဗာတ္တိံသ မဟာပုရိသ လက္ခဏာ–နုဘာဝေန အသီတာ နုဗျဉ္ဇနာ–နုဘာဝေန– ဆဗ္ဗဏ္ဏရံသိယာ– နုဘာဝေန– သီလ–သမာဓိ–ပညာ–နုဘာဝေန–မဂ္ဂဖလဉာဏာ–နုဘာဝေန– သဗ္ဗညုတဉာဏာ– နုဘာဝေန– စတုသစ္စဉာဏာ– နုဘာဝေန– စတုဝေသာရဇ္ဇဉာဏာ– နုဘာဝေန်– ဆအသာဓာရဏဉာဏာ–

နုဘာဝေန- ဆင္ဃဘိညာ- နုဘာဝေန- အင္ဂသမာပတ္တိယာ- နုဘာဝေန- နဝလောကုတ္တရဓမ္မာ- နုဘာဝေန- စတုရာသီတိ- သဟဿာနိ ဓမ္မက္ခန္ဓာ- နုဘာဝေန- ဗုဒ္ဓဂုဏာ- နုဘာဝေန- ဓမ္မဂုဏာ-နုဘာဝေန-သံဃဂုဏာ- နုဘာဝေန- ဒီဃာယုကော မယှံ- ဟောတု သဗ္ဗရောဂါဝိနဿန္တု- သဗ္ဗာသကပ္ပါ- သမိဇ္ဈန္တု- သဗ္ဗဘောဂါ- ဗဝဍ္ဎန္တု- သဗ္ဗကမ္မာနိ- သမိဇ္ဈန္တု- အနန္တဉာဏေန- သမ္ပန္နာနံ၊ အနန္တသဗ္ဗာသမ္ဗုဒ္ဓါနံ- ဗလေန- တေဇေန- အာကာသင္ဃာစ၊ ဘုမ္မင္ဃာ-ရုက္ခင္ဃာစ- မဟိဒ္ဓိကာ- သဗ္ဗေဒေဝါ-သဗ္ဗေဉ္ဇန္ဒာ-မဟာဗြဟ္မာ-အမေ့ရက္ခန္တု-သဗ္ဗဒါ။

## အနက် မြန်မာပြန်

ဩြောင်း–အလုံးစုံသော မင်္ဂလာကျက်သရေ အထွေထွေ သည် ပြီးမြောက်အောင်မြင်ပါစေသတည်း၊

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ ဉာဏမ္ပန္နသာ၊ မကြံခဲ့သည်အပ်၊ မကြံစည်နိုင်၊ မကြံစည်ကောင်း၊ မနိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်၊ မနှိုင်းယှဉ်ကောင်းသော ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော် မူသော။ ဘဂဝတော၊ ဘုန်းတော်အစုံ ခြောက်ပါးဂုဏ်ရှိတော် မူသော။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗာတ္တိံသ မဟာပုရိသ လက္ခဏာ နုဘာဝေန၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခ

ဏာတော်၏ တန်ခိုးရှိန်စော် အာနုဘော် တော်ကြောင့်ရင်း။ အသိတာနုဗျဉ္ဇနာ နုဘာဝေန၊ ရှစ်ဆယ်သော လက္ခဏာငယ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ရင်း။ ဆဗ္ဗဏ္ဏရံသိယာ နုဘာဝေန၊ ထွန်းပြောင်တင့်တယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော် ကြောင့်ရင်း။ သီလ သမာဓိ၊ ပညာ နုဘာဝေန၊ သီလတော် သမာဓိတော် ပညာတော်တို့၏ တန်ခိုးရှိန်စော် အာနုဘော် တော်ကြောင့်ရင်း။ မဂ္ဂဖလဉာဏာ နုဘာဝေန၊ မဂ်ဉာဏ်ဖိုလ် ဉာဏ်ဘော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ရင်း။ သဗ္ဗညုတဉာဏာနုဘာဝေန၊ သဗ္ဗညုတဉာဏ်တော်၏ တန်ခိုး ရှိန်စော် အာနုဘော်တော်ကြောင့်ရင်း။ စတုသစ္စဉာဏာ နုဘာ ဝေန၊ လေးပါးသော သစ္စာဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ရင်း။ စတုဝေသာရဇ္ဇဉာဏာ ဉဘာ ဝေန၊ လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်တို့၏ တန်းခိုး ရှိန် စော် အာနုဘော်တော်ကြောင့်ရင်း။ ဆအသာဓာရဏ ဉာဏာ နုဘာဝေန၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော ခြောက်ပါးသော ဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော် တော်ကြောင့်ရင်း။ ဆဋ္ဌဘိညာ နုဘာဝေန၊ မြေလျှိုး၊ မိုးပျံ တန်ခိုး စျာန် ကြီးကျယ် ခြောက်သွယ်သော အဘိညာဉ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ရင်း။ အဋ္ဌသမာပတ္တိ ယာ နုဘာဝေန၊ ရှစ်ရပ်သော သမာပတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ရင်း။ နဝလောကုတ္တရ ဓမ္မာ နုဘာဝေန၊ ကိုးပါးသော လောကုတ္တရာ တရားတို့၏ တန်ခိုးရှိန်စော် အာနု

ဘော်တော်ကြောင့်ငှင်း။ ဝတုရာသိတိသဟာသာနံ ဓမ္မက္ခန္ဓာနုဘာဝေန၊ ရှစ်သောင်းလေးထောင် မြားမြောင်သော ဓမ္မက္ခန္ဓာတော်တို့၏ တန်းခိုးရှိန်စော် အာနုဘော် တော်ကြောင့်ငှင်း။ ဗုဒ္ဓဝုဏာနုဘာဝေန၊ အရဟတာစသည်များဖော် ဘုရားဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုတော်တော်ကြောင့်ငှင်း။ ဓမ္မဂုဏာနုဘာဝေန၊ သွာက္ခတတာ စသည်များဖော် တရားဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ငှင်း။ သံဃဂုဏာနုဘာဝေန၊ သုပ္ပဋိပန္နတာ၊ စသည်များဖော် သံဃဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ငှင်း။ မယံ၊ အကျွန်ုပ်အား။ ဒီဃာယုကော၊ အသက်ရာကျော်ရှည်မြင့်ကျော်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သဗ္ဗရောဂါ၊ အလုံးစုံသော ကိုးဆယ့်ခြောက်ဖြာ ရောဂါ ဝေဒနာတို့သည်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေသတည်း။ သမ္မာသက်ပ္ပါ၊ မဖောက်မပြန် မှန်ကန်သော အကြံအစည်တို့သည်။ သမိဇ္ဈန္တု၊ ဆောလျင်မကြာ ပြည့်စုံလာကြပါစေသတည်း။ သဗ္ဗဘောဂါ၊ အလုံးစုံသော စည်းစိမ်ဥစ္စာ ရတနာတို့သည်။ ပဝဍ္ဎန္တု၊ တနေ့တခြား တိုးပွား ပြည့်ဝလိုတိုင်းရလာကြပါစေသတည်း။ သဗ္ဗကမ္မာနိ၊ အလုံးစုံသော လုပ်ကိုင်ကြံရွယ် သမျှ အမှုကိစ္စတို့သည်။ သမိဇ္ဈန္တု၊ ဆောလျင်မကြာ ပြည့်စုံလာကြပါစေသတည်း။ အနန္တဉာဏေန၊ အဆုံးအပိုင်း အခြားမထင် သဗ္ဗညုတဉာဏ်တော်အမြင်နှင့်။သမန္တာနံ၊ ကောင်းစွာ ကုံလုံပြည့်စုံတော် မူကြကုန်သော။ အနန္တ သမ္မာ

သမ္ဗုဒ္ဓါနံ၊ အဆုံး အပိုင်း အခြားမထင်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏။ ဗလေန၊ ကိုယ်အား ဉာဏ်အား စွမ်းပကားကြောင့်။ တေဇေန၊ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ငှင်း။ အာကာသဋ္ဌာစ၊ ဝေဟာတခွင် ကောင်းကင်ပြင်၌ အစဉ်ကြီးစိုး အာကာသဇိုဝ်း နတ်မင်းကြီးတို့သည်ငှင်း။ ဘုမ္မဋ္ဌာစ ပထဝီတခွင် မြေအပြင်၌ အစဉ်ကြီးစိုး ဘုမ္မဇိုဝ်း နတ်မင်းကြီးတို့သည်ငှင်း။ ရုက္ခဋ္ဌာစ၊ သစ်ပင် တောတောင် လျှိုမြောင် ကြီးစိုး ရုက္ခဇိုဝ်းနတ်မင်းကြီးတို့သည်ငှင်း။ မဟိဒ္ဓိကာ၊ တန်ခိုးရှိန်စော် အာနုဘော်ကြီးမားကြကုန်သော။သဗ္ဗေ၊ခပ်သိမ်း-ဉဿုံ အလုံးစုံကုန်သော။ဒေဝါဣန္ဒာမဟာဗြဟ္မာစ၊ စတုလောကပါလာ နတ်ဒေဝါနှင့် ဣန္ဒာသိကြား ကြီးမားတေဇာ နတ်ဗြဟ္မာကြီး များတို့သည်ငှင်း။ အမေ၊ အကျွန်ုပ်တို့ကို။ သဗ္ဗဒါ၊ နေ့ရောညဉ့် ပါအခါမပြတ်။ ရက္ခန္တု၊ အစဉ်တောက်လျှောက် စောင့်ရှောက် ကူညီကြပါစေသတည်း။

ဗုဒ္ဓါဒိဂုဏာစ္ဆရမန္တ ဘန့်တော်ပြီး၏။

## ဃ-မေတ္တာပို့ နတ်ပို့ အမျှဝေ

(က) ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာစ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ
ဟောန္တု သဗ္ဗေ ပိ ပါဏိနော။

(ခ) ဧတ္တာဝတာ စ အမှေဟိ၊
သမ္ဘတံ ပုည သမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊
သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ။

(ဂ) ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု
ဂစ္ဆန္တု ဒေဝတာ ဂတာ။

(ဃ) ပုည ဘာဂ မိဒံ စညံ၊
သမံ ဒဒါမ ကာရိတံ။
အနုမောဒန္တု တံ သဗ္ဗေ၊
မေဒ္ဒနံ ဌာတု သက္ခိကေ။

(က) ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခ ရောက်နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲဒုက္ခ ကင်းဝေးကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင် တွေ့နေကြရကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာစ၊ ကြောက်လန့်ကင်းကွာ ဘေးဘယာ မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သောကပ္ပတ္တာ စိုးရိမ်ကြောင့်ကြ ဗျာပါဒသို့ ရောက်ရှိနေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဿောကာစ၊ ကြောင့်ကြမဲ့လျဉ်း စိုးရိမ်ခြင်း မရှိကြ ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(ခ) ဧတ္တာဝတာ၊ သဒ္ဓါစေတနာ ဝေဖြာသန့်ရှင်း ညစ်ကြေးကင်း၍ ထိန်လင်းကြက်သရေ ယုန်စက်ငွေသို့ လက်ဝေစေကြောင်းဖြစ်သော ဤသုတ်ပါဠိတော် ပရိတ်တရားတော်တို့ကို ဘတ်ရွတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားကို ပူဇော်ရခြင်းဖြင့်။ အမှေဟိ၊ အကျွန်ုပ်တို့သည် သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ၊ အလုံးစုံကုန်သော စည်းစိမ်ချမ်းသာ မင်္ဂလာ ကျက်သရေတို့နှင့် ပြည့်စုံစေခြင်းငှာ။ သမ္ဘတံ၊ ကောင်းစွာမပြတ် ဆည်းပူးရွတ်ဘတ်

အပ်သော။ ပုညသမ္ပဒံ၊ ဖြူစင်သန့်ရှင်း ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို၊ သမ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံ့စုံကုန်သော။ ဒေဝါ၊ စကြဝဠာ အဖြာဖြာမှ ကြွလာသောင်းသောင်း နတ်ဗြဟ္မာ အပေါင်းတို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်နှုမော် သာဓု သာဓု ခေါ်နိုင်ကြပါစေ ကုန်သတည်း။

(၈) ဒါနံ၊ ပေးကမ်းစွန့်ကြဲ နှဲမျှားပဟူ အလှူဒါနကို။ သဒ္ဓါယ၊ ကံ ကံ၏ အကျိုးကို ယုံကြည်လျက်။ ဒဒန္တု ဘာဝ ဘောဂ တောင့်တမရှိ ပကတိစင်ဖြူပေးလှူ နိုင်ကြပါစေကုန် သတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆို။ သီလံ၊ စာရိတ္တ ဝါရိတ္တ မြတ်သီလကို။ ရက္ခန္တု၊ မကျိုးမပေါက် မပျောက်မကျားရအောင် စောင့်ရှောက်ထိန်းသိမ်း ထားနိုင်ကြ ပါစေ ကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထဝိပဿနာ ဘာဝ နာ၌ ကောင်းစွာကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်နိုင်ကြကုန် သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ စကြဝဠာ ကမ္ဘာလောက ဓာတ်အရပ်ရပ်မှ ဆိုက်ကပ် ညီညာ ရောက်လာကြကုန်သော။ ဒေဝါ၊ နတ်မြတ် နတ်ကောင်း နတ်ဗြဟ္မာအပေါင်းတို့သည်၊ ဂစ္ဆန္တု၊ သာဓု အနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသံညီးပြုပြီး လေဘိ၊မိမိတို့၏နေရာ ပျော်ဘွယ်ရာရိပ်ခန်း ဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူကြပါစေ ကုန်သတည်း။

(ဃ) အမေ့ဟိ၊ အကျွန်ုပ်တို့သည်။ ကာရိတံ၊ စေတနာ ကွန်မြူးသဒ္ဒါထူးဖြင့် ဆည်းပူးပြုလုပ်အပ်သော။ ဣဒဉ္စပုညဘာဂံ၊ သုတ်ပါဠိတော် ပရိတ်တရားတော်တို့ကို ရွတ်ဘတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားအား လေးစားကော်ရော် ပူဇော်ခြင်းဟူသော ဤကုသိုလ်ကောင်းမှု၏ အဘို့အစုကိုရင်း။ အညဉ္စပုညဘာဂံ၊ ထိုမှတပြား သင့်လျော်သောအခါ၌ ကောင်းစွာပြုစု ကုသိုလ်ကောင်းမှု၏ အဘို့အစုကိုရင်း။ သဗ္ဗေသံ၊ လူနတ်ပြဟ္မာသတ္တဝါ မကြွင်း ခပင်းညီညွတ်အလုံးစုံတို့အား။ သမံ-ဒဒါမ၊ အညီအမျှ ရကြစေငှာ ပေးဝေပေါကုန်၏။ သဗ္ဗေ၊ လူနတ်ပြဟ္မာ သတ္တဝါ မကြွင်း ခပင်း ညီညွတ်အလုံးစုံတို့သည်။ တံ ပုညဘာဂံ၊ အကျွန်ုပ်တို့ ပေးဝေအပ်သော ထိုကုသိုလ်ကောင်းမှု အဘို့အစုကို။ အနုမောဒန္တု၊ ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ကြပါစေ ကုန်သတည်း။ မေဒနီ၊ ယူဇနာ နှစ်သိန်း လေး သောင်း အထုရှိသော မဟာပထဝီမြေကြီးသည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ သက္ခိကော၊ မိမိတို့ ပြုအပ်သော ကုသိုလ်ကောင်းမှုသည် ကာလရှည်လျား မေ့လျော့ငြားလည်း ပြောကြားပါစေ သက်သေအရာ၌။ ဌာတု၊ အေးယဉ်ပုခက် အိုးထိန်းစက်သို့ သွက်သွက်လှုပ်ခါ တံခွန်သာဝယ် တည်လှာရပ်တန့်ပါစေသတည်း။

မေတ္တာပို့ နတ်ပို့ အမျှဝေပြီး၏

## ၄ - ဆုတောင်းပတ္တနာ စာတန်း

ပုညေနတေနသောအဟံ နိပုဏမတိ သတော
သမ္ပရာ ယောစ တိတ္တော၊ ဒက္ခော ဒိဋ္ဌုဇ္ဇုပညော
အဝိကလ ဝီရိယော၊ ဘောဂဝါ သံဝိဘာဂီ။
တိက္ခော သူရော မိတတ္တော၊ သပရ ဟိတစရော
ဒီဃဇီဝီ အရောဂေါ၊ ဓညော ဝဏ္ဏော ယသဿီ
အတိ ဗလ ဝ ဓ ရော ကိတ္တိမာခန္တုပေတော။
သဒ္ဓေါဒါတင်္ဂုပေတော၊ ပရမ သီရိဒယော ဗုဒ္ဓ
ဓမ္မေ ဝိရတ္တော၊ လဇ္ဇီကလျာဏမိတ္တော၊ အသိ
ရတ ကုသလော၊ ပဋ္ဌသံလာဘိရက္ခော၊ အပ္ပိ
စ္ဆော အပ္ပကောဓော အတိရုဇု ဟာဒယော၊ ဗုဒ္ဓိ
မာ အပ္ပမေယျော၊ ပါသသော ပေမဝါစော၊
သုဇနဂုဏဝိဒူ၊ မာမကောသော ဘဝေယျံ။

၁။ ဧတေနပုညေနံ၊ ဤသို့ မြတ်စွာဘုရား ဂုဏ်တော်များကို အာရုံထား၍ ပရိတ်မေတ္တာ ဘာဝနာ တရား ပွားများသမှု ကုသိုလ် အစုစုကြောင့်၊ သောအဟံ ခန္ဓာ ငါးခု ကိုယ်ဟု သမုတ် ထိုအကျွန်ုပ်သည်။ သမ္ပရာယေ၊ နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာ ဘဝသံသရာများ၌။ နိပုဏမတိစ၊ ကိုယ်, နှုတ်, စိတ်ထား သုံးပါး မရွှေ့ သိမ်မွေ့သော ပညာရှိသည်ဇင်း။ သတောစ၊ ရတနာသုံးဖြာ စိတ်မှာ ခိုလှုံ

ပြည့်စုံသော သတိရှိသည်ဖြင့်။ တိတ္တောစ၊ ရသမျှနှင့် မျှတအမြဲ ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်သည်ဖြင့်။ ဒကွောစ၊ ခပ်သိမ်းသော အရာ၌ လိမ္မာသော ပုဂ္ဂိုလ်သည်ဖြင့်။ ဒိဋ္ဌုဇ္ဇုပညောစ၊ မချွတ်မယွင်း ဖြောင့်စင်းတိတိ အမှန်သိသော ပညာရှိသည်ဖြင့်။ အဝိကာလဝိရိယောစ လုလ္လလျော့ကင်း မပျင်းမရိ တိတိကျကျ ဝီရိယ ရှိသောသူသည်ဖြင့်။ ဘောဂဝါစ၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေနှင့် ပြည့်စုံသည်ဖြင့်၊ သံဝိဘာဂီစ၊ အမှန်အမှားခွဲခြားဝေဘန်ဉာဏ် ပဋိဘာန်နှင့် ပြည့်စုံသည်ဖြင့်။ တိကွောစ၊ ဝရဇိန်လက်နက် မိုးကြိုးစက်သို့ ထက်မြက်သော ပညာရှိသည်ဖြင့်။ သူရောစ၊ မကြောက်မရွံ့ နောက်တွန့်မသွား ရဲရင့်သော စိတ်ထားနှင့် ပြည့်စုံသည်ဖြင့်။ မိတတ္တောစ၊ တုန်လှုပ်မလည် တည်ကြည်သော စိတ်ရှိသည်ဖြင့်။ သပရဟိတစရောစ၊ မိမိသူတပါး နှစ်ပါး အကျိုး–ပွားတိုးစေနိုင်သော ပုဂ္ဂိုလ်သည်ဖြင့်။ ဒီဃဇီဝီစ၊ အသက်အတန်း ကျော်လှမ်းပိုမို ရှည်သော ပုဂ္ဂိုလ်သည်ဖြင့်။ အရောဂေါစ၊ အနာရောဂါ ဖြစ်လာမရှိ ပကတိ ကျန်းမာ ချမ်းသာသော ပုဂ္ဂိုလ်သည်ဖြင့်။ ဓညောစ၊ ဘုန်းတန်ခိုးပညာ လက္ခဏာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ဖြင့်။ ဝဏ္ဏောစ၊ တင့်တယ်အဆင်း လှပခြင်းနှင့် ပြည့်စုံသည်ဖြင့်။ ယသဿီစ၊ အနီးအပါး များပြား မယွင်း အခြွေအရံ အသင်းအပင်းနှင့် ပြည့်စုံသည်ဖြင့်။ အဓိဗလဝမရောစ၊ ကြံ့ခိုင်ထွားထွား လွန်ကြီးမား၍ ခွန်အားဗလနှင့် ပြည့်ဝသောပုဂ္ဂိုလ်သည်ဖြင့်။ ကိတ္တိမာစ၊ ထင်ရှားသတင်း ကျော်စောခြင်းနှင့် ပြည့်စုံသည်ဖြင့်။ ခန္တိပေတောစ၊ ရန်သူတသင်း။ ဘယ်လိုညှဉ်းလည်း ကြောက်

ခြင်းကင်းကွာ သည်းခံသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသည်ငှါ။ ဘဝေယျုံ၊ ဘဝဆက်တိုင်းဆက်တိုင်း မပျက်ပသွေဖြစ်ရပါစေ သတည်း။

၂။ သောအဟံ၊ ခန္တာငါးခု ကိုယ်ဟုသမုတ် ထို အကျွန်ုပ်သည်။ ဒိဋ္ဌေဝမ္မေ၊ ယခုရောက်ရ မျက်မှောက်ဘဝ ကိုယ်ကာယ၌။ သဒ္ဓေါစ၊ ရတနာသုံးပါး ကိုးစားမလည် ယုံကြည်အားထား သဒ္ဓါတရားနှင့် ပြည့်စုံသည်ငှါ။ ဒါတုဂ္ဂပေတောစ၊ ပေးလိုလျှင်တခဏ၊ ရလိုလျှင် မကြာပစ္စည်းဥစ္စာနှင့် ပြည့်စုံသည်ငှါ။ ပရမသိရိစ၊ မြင့်မြတ် ကျက်သရေ အဓွန့်ထွေထွေနှင့် ပသွေကုံလုံ ပြည့်စုံသည် ငှါ။ ဒယောစ၊ သူတပါးကိုသနားငဲ့ညှာ ကရုဏာနှင့်ပြည့်စုံသည်ငှါ။ဝိရတ္တောစ၊ မြင်မြင်သမျှ တောင့်တမပြင်း တပ်ခြင်းကင်းသော ပုဂ္ဂိုလ်သည်ငှါ။ လဇ္ဇီစ၊ ဒုစရိုက်တရား လိုက်စားမတု ရှက်ကြောက်တတ်သော သူသည်ငှါ။ ကလျာဏ မိတ္တောစ၊ သုစရိုက်တရားလိုက်စားမသွေ ကောင်းသော မိတ်ဆွေရှိသော အဖြစ်သည် ငှါ။ အဘိရတ ကုသလောစ၊ ကုသိုလ်အရာ ကောင်းစွာမရွေ့၊ ပျော်မွေ့သော ပုဂ္ဂိုလ်သည်ငှါ။ ပဉ္စသီလာဘိရက္ခောစ၊ ငါးပါးရှစ်ပါး ဆယ်ပါးသီလ ကြည်မြကြံ့ခိုင် စောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်သည်ငှါ။ အပ္ပိစ္ဆောစ၊ လိုချင် တောင့်တလောဘမကြီး အလိုနည်းသောပုဂ္ဂိုလ်သည်ငှါ။ အပ္ပကောဓောစ၊ ဒေါသ မဖက်နည်းသော အမျက် ရှိသောသူသည်ငှါ။ အတိဝုဇုဟာဒယောစ၊ ကိုယ်နှုတ်စိတ်ခတ်ဖြောင့်မတ် ရိုးသားနှလုံးထားဖြူစင် သောပုဂ္ဂိုလ်သည်ငှါ။ ဣဒ္ဓိမာစ၊ သီလ သမာ ပညာပုည

တန်ခိုးလေးဝနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၎င်း။ အပွမေယျော၊ ပြိုင်ဘက်မပြုတူသူမရှိ ဂုဏ်သတ္တိနှင့် ပြည့်စုံသည်၎င်း။ ပါသံသော၊ အများတကာ နှုတ်ဝါစာ့တွင် ဖွင့်ကာနှစ်ခြိုက် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်သည်၎င်း။ ပေမဝါစော၊ အများနှစ်လိုနှုတ်ချိုစကား ပြောကြားတတ်သော ပုဂ္ဂိုလ်သည်၎င်း။ သုဇနဂုဏ ဝိဒူ၊ သူတော်ကောင်းတို့ နှစ်ထောင်း ကြည်နူး ဂုဏ်ကျေးဇူးကို အထူးသိတတ်သော ပုဂ္ဂိုလ်သည်၎င်း။ မာမတော၊ သဒ္ဓါစသည် မျှညီအပြား ခုနစ်ပါးကို လိုလားမပြတ် မြတ်နိုးတတ်သော ပုဂ္ဂိုလ်သည်၎င်း။ ဘဝေယျ ၊ ဤနေ့ ဤရက် အစဆက်၍ မပျက်မသွေ ဖြစ်ရပါစေသတည်း။

ရှုတ်ဘတ်သူ အတွက် ဆုတောင်း ပတ္တနာပြီး၏။

# ပရိတ်တော် ၃၇-သုတ်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်သူနိုင်ငံတော်သား
## အားလုံးတို့အား ဘေးရန်ကင်းပ နေနိုင်ကြရန်
## ဆုတောင်းပတ္ထနာစာတမ်း

### ပါဠိ

၁။ သာသနဿ စ လောကဿ၊
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသာနမ္ပိ စ လောကဉ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၂။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊
ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

၃။ သဗ္ဗ ဗုဒ္ဓ နုဘာဝေန၊
သဗ္ဗဓမ္မာ နုဘာဝေန။
သဗ္ဗ သံဃာ နုဘာဝေန၊
သဗ္ဗဒေဝတာ နုဘာဝေန။
အရောဂါ သုခိတာ ဟောန္တု၊
ဒုက္ခာမုစ္စန္တု သဗ္ဗဒါ။

# မြန်မာပြန်

၁။ ဗုဒ္ဓမြတ်စွာ သာသနာတော် ကြီး၏ရှင်။ အနန္တ စကြာဝဠာ ကမ္ဘာအတွင်း မှီတင်း နေထိုင်ကြ ကုန်သော သတ္တဝါအပေါင်း၏ရှင်။ လွန်စွာ ကြီးပွားတိုးတက် စည်ကားခြင်းသည် ဖြစ်ပါစေသတည်း၊ ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီးကိုရှင်။ အနန္တ စကြဝဠာကမ္ဘာအတွင်း မှီတင်းနေ ထိုင်ကြကုန်သော သတ္တဝါ အပေါင်းကိုရှင်း တန်ခိုးကြီးမား သမ္မာဒေဝ နတ်မင်းများတို့သည် နေ့ရောညဉ့်ပါ အခါမပြတ် စောင့်ကြပ် နိစ္စမစကူညီကြပါစေသတည်း။

၂။ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ရှိရှိသမျှသတ္တဝါ အနန္တတို့သည် မိမိ မိမိတို့၏ အနီးအပါးခစား ဝန်းပတ် အခြွေအရံ ပရိသတ် တို့နှင့်တကွ ကိုယ်စိတ်နှစ်ဖြာ ဘယာမငြိ ချမ်းသာအေးမြခြင်းရှိကြပါစေကုန်သတည်း။မိဘက် ဘဘက် အောက်–ထက် နှစ်ခိုင် ခုနှစ်ဆက်တိုင် မြဲခိုင်စပ်တော် ဆွေမျိုးပေါက်ဖော်တို့နှင့်တကွ ဆင်းရဲဒုက္ခ ကင်းဝေးကြလျက် ချမ်းသာ သုခနှင့် ပြည့်စုံကြပါ စေသတည်း။ ဝမ်းမြောက် ဝမ်းသာ ကြည်သာရွှင်ပျ အေးမြသော စိတ်နှလုံး ရှိကြပါစေ သတည်း။

၃၊ ဂင်္ဂါ ဝါလု သဲစုမက ပွင့်တော်မူကြ သဖြင့် များလှသင်္ချာ ရေတွက်ပသော်သည်း သင်္ချာ

ပမာဏ ဂဏန်းချ၍မရနိုင်ချေ၊ ကမ္ဘာအသခြေ ပွင့်လေကုန်ပြီး ဘုန်းမီးနေလ ထွန်းတောက်ပတော်မူကြကုန်သော ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူကြသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်၎င်း၊ သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့်နှစ်ကျိပ်ရှစ်ဆူ ပွင့်တော်မူကြကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်၎င်း၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူခုနစ်ဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း မှီတင်း နေထိုင်ကြကုန်သော ရဟန်း၊ ရှင်၊ လူ ခပ်သိမ်းသူတို့နှင့် တကွ ကိုယ်နေအရွယ်ကြီး-ငယ်-တို-ရှည် အလီလီသော သတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရွှင်လန်း အေးချမ်းကြပါစေ။ လူသတ္တဝါအချင်းချင်း ချစ်ခင်သနားမေတ္တာစိတ် ပွားနိုင် ကြပါစေ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူ ကမ္ဘာသား အချင်းချင်း မေတ္တာနှင်း၍ ချစ်ကြည်ခြင်းနှင့် ပြည့်စုံကြပါစေ။ စည်းစိမ်ချမ်းသာ မင်္ဂလာကျက်သရေ တိုးတက်ကြပါစေ။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တနေ့တခြား တက်နေလားကဲ့သို့ ထွန်းကားပါစေသတည်း။

ခမ်းသိမ်းသော ဘုရားရှင် တို့သည် ဟောကြားတော်မူ အပ်သော သုတ္တန်တတော စရိုမျှားဖုံ ခြောက်ပါးသော ဂုဏ် တို့နှင့် ပြည့်စုံတော်မူသော လောကုတ္တရာတရားကိုးပါး၊ မောဓိ ပက္ခိယတရား သုံးဆယ်ခုနှစ်ပါး၊ ဝိမုတ္တိရသအားဖြင့် တပါး၊ ဓမ္မဝိနယအားဖြင့်နှစ်ပါး၊ပိဋကအားဖြင့်သုံးသွယ်၊နိကာယ်အား ဖြင့် ငါးပါး၊မွေက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင် မြား မြောင်ဟောမြွက်ခမ္မစက်ခေါ် ပရိတ်တော်တရားတော်တို့၏တန် ခိုး တေဇော်မေတ္တာတော်အာနုဘော်တော် အားဖြင့်၎င်း၊ ပြည် ထောင်စုမြန်မာနိုင်ငံတော်အတွင်း မိုတင်း နေထိုင်ကြကုန်သော ရဟန်း၊ရှင်၊လူ ခပ်သိမ်းသူတို့နှင့်တကွ ကိုယ်နေအရွယ် ကြီး ငယ် တို့ရှည် အလီလီသော သတ္တဝါအပေါင်း တို့သည် ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာချမ်းသာ ရွှင်လန်း အေးချမ်းကြပါစေ။ လူသတ္တဝါ အချင်းချင်း ချစ်ခင်သနား မေတ္တာစိတ်ပွားနိုင်ကြပါစေ။ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူကမ္ဘာသားအချင်းချင်း မေတ္တာနှင်း၍ ချစ်ကြည်ခြင်းနှင့် ပြည့်စုံကြပါစေ။ စည်းစိမ်ချမ်းသာ မင်္ဂလာ ကျက်သရေတိုးတက်ကြပါစေ။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တနေ့တခြား တက်နေလားကဲ့သို့ ထွန်းကားပါစေသတည်း။

ခပ်သိမ်းသော ဘုရားရှင်တို့၏ တပည့်သား သာဝက နိဗ္ဗာနဂါမိသုပ္ပဋိပန္နတာစရိုမျှားစွာ ဂုဏ်ပေါင်းဖြာသောအရှင် သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် စသော အဂ္ဂသာဝက၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ စသော မဟာသာဝက၊

ပကတိသာ၀က၊ သာ၀ိကာ၊ထေရိထေရာများစွာသော သံဃာတော်တို့၏ သီလတော် မေတ္တာတော် တန်ခိုးဘောဇော် အာနုဘော်တော်အားဖြင့်၎င်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက် ပဌမသံဂါယနာ၊ ဒုတိယသံဂါယနာ၊ တတိယသံဂါယနာ စတုတ္ထသံဂါယနာ၊ပဉ္စမသံဂါယနာ၊ ဆဋ္ဌမသံဂါယနာတင်တော်မူကြသော သံဂီတိကာရက မဟာနာယက ဓမ္မဘဏ္ဍာဂါရိက အရှင်ကောင်း အရှင်မြတ် အပေါင်း တို့၏ သီလတော် တန်ခိုးတေဇော် အာနုဘော်တော် အားဖြင့်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြကုန်သော ရဟန်း၊ရှင်၊လူ ခပ်သိမ်းသောသူတို့နှင့်တကွ ကိုယ်နေအရွယ်ကြီးငယ်ရှည်တို အသီးသီးသောသတ္တဝါအပေါင်း တို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာ ရွှင်လန်းအေးချမ်းကြပါစေ။ လူသတ္တဝါအချင်းချင်း ချစ်ခင်သနား မေတ္တာစိတ် ပွားနိုင်ကြပါစေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူ ကမ္ဘာသား တတိုင်းနှင့်တဦး မေတ္တာ ကူးလူး၍ အထူးချစ်ကြည်နိုင်ကြပါစေ။ စည်းစိမ်ဥစ္စာ မင်္ဂလာကြက်သရေ တိုးတက်ကြပါစေ။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တနေ့တခြား တက်နေလားကဲ့သို့ ထွန်းကားပါစေသတည်း။

အာကာသဋ္ဌ ဗျာနလာဘိ ဂုဏ်ဝသီဖြင့် စုံညီထိန်ဝင်း အရိယာပြဟ္မာမင်းကြီးများ၊ စတုမဟာရာဇ် တာဝတိံသာ နှစ်ဖြာစိုးငြား မိုးသိကြားနှင့် လေးပါးအရပ် စောင့်ရှောက်တတ်

သည့် စတုလောကပါလာ သာသနာ့စောင့် နတ်မင်းကြီးများ သစ်ပင်တောတောင် သမုဒ္ဒရာရေမြေ အမျိုးမျိုးအထွေထွေ စောင့်ပေတတ်သော နတ်မင်းကြီးများတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်၎င်း၊ ထိုမှတပါး နတ် အသူရာ နဂါး ဂဠုန် ကုမ္ဘဏ် ရက္ခိုုသ် မြေ၌တည်သော တန်ခိုး ရှင်၊ ကောင်းကင်၌တည်သော တန်ခိုးရှင်ရေတည်သော တန်ခိုး ရှင်။မြေလျှိုး မိုးပျံ တန်ခိုးဈာန်ထင်ရှား ဝိဇ္ဇာဇော်ဂျီတပသီ များတို့၏ တန်ခိုးတေဇော်မေတ္တာတော် အာနုဘော်တော်အား ဖြင့်၎င်း၊ ပြည်ထောင်မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင် ကုန်ကြသော ရဟန်း၊ရှင်၊ လူ ခပ်သိမ်းသော သူတို့နှင့်တကွ ကိုယ်နေအရွယ် ကြီးငယ်တိုရှည် အလီလီသော သတ္တဝါအ ပေါင်းတို့သည် ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ။ ကိုယ် စိတ်နှစ်ဖြာချမ်းသာ ရွှင်လန်း အေးချမ်းကြပါစေ။ သတ္တဝါ အချင်းချင်း ချစ်ခင်သနား မေတ္တာစိတ် ပွားနိုင်ကြပါစေ။ ပြည် ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူ ကမ္ဘာ သား၊ တဦးနှင့်တဦး မေတ္တာကူးလူး၍ အထူး ချစ်ကြည် နိုင် ကြပါစေ။ စည်းစိမ် ဥစ္စာ မင်္ဂလာ ကြွက်သရေ တိုးတက်ကြ ပါစေ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဝပြောသာယာ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တနေ့တခြား တက်နေလားကဲ့ သို့ထွန်းကားပါစေသတည်း။

ပြည်ထောင်စုသားအားလုံးအတွက်
ဆုတောင်း ပတ္ထနာ စာတမ်းပြီး၏။

## ၈-ရွှေတိဂုံဘုရားသမိုင်းလင်္ကာ

ရာဂါဒိုက္ခာ ဥပ္ပါလိတော၊ ဟုတ္တာတော သေတိပါကာနံ။
ကိလေန္တံ ဓမ္မ ဆတ္တေနု၊ မကုဋ္ဌော ပါတုလောဇိနော။
ယောယာဒိသော၊ အကြင်သို့ သဘောရှိသော။ ဇိနေ၀၊
ငါးမာရ်အောင်မြင် ရန်လုံးစင်သော ရှင်ပင်ထွတ်ဖျား မြတ်ဘုရားသည်။ ရာဂါဒိုက္ခာ ဥပါလိတော်၊ ရာဂစဖြာ ကိလေသာဖြင့် သူငါအများ ဖြစ်ပွားအဆက် စဉ်မပျက်အောင်နှိပ်စက်အပ်သည်။ ဟုတ္တာ၊ဖြစ်၍။ ဝါ၊ဖြစ်ခဲ့သောကြောင့်။ သံသာရေ၊ အဝိဇ္ဇာစသည် ချာချာလည်ပတ် စက်ရဟတ်တို့ မပြတ်ဖြစ်ရာသံသရာ၌။ ကိုလန္တံ၊ ကိလမန္တာနံ ညှိုးနွမ်းခွေယိုင်မနေနိုင်အောင်တောက်လောင် လွန်ကျွမ်းပင်ပန်းကြကုန်သော။ ပါဏီနံ၊ ဝေနေယျကြာ သတ္တဝါတို့အား။ ဓမ္မဆတ္တေနု၊ မဂ္ဂင်ရှစ်ပါးမြတ်တရား တည်းဟူသော ထီးတော်ဖြင့်၊ မကုဋ္ဌော မကူဋ္ဌဘူသော၊ ဥက္ကောင်းတန်ဆာ ရတနာအမြိုက် မကိုဋ်ပမာ စေတနာဖြူဖွေး မေတ္တာသွေးဖြင့် ဆောင်းပေးတော်မူ၏။ သောတာဒိသော၊ ထိုသို့ သဘောရှိသော။ ဇိနော၊ ငါးမာန်အောင်မြင် ရန်လုံးစင်သော ရှင်ပင်ထွတ်ဖျား မြတ်ဘုရားသည်။ မံ၊ ပြည်အစိုစို မြို့အဖြာဖြာ ရွာအစုံစုံ ရွှေတိဂုံဟု စွယ်စုံကျော်ကြား မြတ်ဘုရား၏ ဖြစ်ပွားခြင်းရာ သမိုင်းစာကို ကောင်းစွာရေးထုတ် အကျွန်ုပ်ကို။ ပါတု၊ ကရုဏာတရား မေတ္တာထားလျက် သနားတောက်လျှောက် စောင့်ရှောက်တော်မူပါစေသတည်း။

ဇေယျာဘိဇေယျဇေယျက္ကမ တေဇာဘိ တေနုက္ကဋ္ဌ အတုလ မာရဇိန် နှာတိနရိန်-ဒေဝါတိ ဒေဝိန် ဗြဟ္မာတိဗြဟ္မိန် သာကိန္ဒာဓိပတိ သိရိပဝရမမ္မရာဇာ ရာဘာနာတို့၏ အထွတ်တမ္ဘာဥက္ကဋ္ဌ မြတ်ထက်မြတ် ဖြစ်တော်မူ၍ လူသုံးပါးတို့၏ ကိုးစားမှီခိုရာ အရဟာတာဒိနဝ လောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်။ "ပဿထလ္လမံ တပဿံ ဇင်္ဂိုလံ ဥဂ္ဂတာပန် အပရိမေယျ-ဏ္ဍတောကပ္ပေ ဗုဒ္ဓေါလောကေ ဘဝိဿတိ" ပါဠိအာဂမ မဂ္ဂ တံဆိပ် ခတ်ကာနှိပ်သည့်ဗျာဒိတ်တော်ဂါထာလာသည်နှင့်အညီ ဤဘဒ္ဒကမ္ဘာဦးမှ ပကတူးနိမိတ် အတိတ်ကာလ ပမာဏဖြင့် ဆ, ၍ ရေလျှင် အသင်္ချေပေါင်း လေးကြိမ်ဆောင်း၍ နှောင်းကပ်တွက်ကိန်း တသိန်းနှင်နှင် ထိုမျှပင်လျှင် အစဉ်အဆက် ပြောင်လက်ထွန်းလွှင်-နေ ဝန်းသွင်ကဲ့သို့ ဒီပင်္ကရာ ရှေးဗျာဒိတ်ပန်း၊ ထိပ်တက်လှမ်း၍ ဆင်မြန်းလာခဲ့ရာ ကမ္ဘာ့ ကမ္ဘာ ဘဝဘဝါ ဖြစ်ပြီးကာလျှင်-မဟာသကီယမျိုး—ဘိုးတော် အဥ္စနမင်း ဖိုခွင်းသက္ကရာဇ် တွက်စစ်အဆုံး တရာ့သုံးခု ဥတုပြိသ စတုတ္ထမယွင်း နဝင်းအဆုံး သုံးလုံးနှစ်ပါဒ် မွန်မြတ်သော သမယ ကဆုန်လဝယ် သမတိံသံပြည့်ဖိုးလျှံ၍ ပွင့်ရန်နီးချက် တန်ခိုးစက်ကြောင့် မဂ်အရဟတ္တာနှောင်ခြည်ပြန့်၍ ပေါင်းကြတည့်တည့် တွေ့ဆုံမိသဖြင့် ဖြည့်ကျင့်စုံလာ ပဒုံမာကြာပန်းသဘွယ် တင့်တယ်သောအဘို့သို့ ရောက်သဖြင့် ကျော်ချောက်ဝှန်းဝေ၊ သောင်လုံးမွေ့လျက် မြေထုရေထု မေရုအဏ္ဏဝါ စကြဝဠာတသိုက် တုန်ရိုက်ဖျဖျ နတ်စက်ချသကဲ့သို့ ဘဗ္ဗဘဝဂ်၊ အောက်နရက်ထိ ကျက်ကျက်ဆူညံ

ကောင်းချီးသံတို့ဖြင့် လူဌာန်နတ်လုံး သိမ့်သိမ့်ကျုံး၍ အမြွတ်
ဆုံးဓမ္မရာဇ်ဖြစ်ကြီးဖြဂ်တော်မူလျှင်ပလ္လင်္ကသတ္တာဟ ရက်လှအဆုံး
ပေါင်းရုံးတွက်ဖွဲ့ လေးဆဲ့ကိုးချက် ရောက်သည့်ရက်၌ နှစ်သက်
ထိုက်စွာ ဖိုလ်ချမ်းသာဖြင့် ဓမ္မာဘိရတဝိဝေကကို ကုံ ငထဲမှီး
ရှာကြံပြီးလျှင် မမှီးအဖော် တကိုယ်တော်တည်း ခရီးမခရွှေ့
ပျော်မွေ့နေထိုင်တော်မူစဉ် "တသ္မိံသမယေ တဖုဿ ဘလ္လိ
ကာနာမ ဒွေဝါဏိဇ္ဇာ ပဉ္စဟိသကဋသတေဟိ ဥက္ကလာ ဇနပါ
ဒါ မဇ္ဈိမဒေသံဂစ္ဆန္တာ" အစဖြာလျက် အပဒါန်နှုံ့အဌကထာ
အင်္ဂုတ္တိုရ်အဌကထာ မဟာဝဂ္ဂ ပါဠိလာရှိအာဂမသာဓကော
အရ ဥက္ကလာပ ဇနပုဒ်တိုင်းသား ကုန်သည်လှည်းသမား ငါး
ရာတို့၏ နာယကမှူးချုပ် တဖုဿဘလ္လိက မည်ဆောင် ညီနောင်
နှစ်ဝတို့၏ ဗလဝ စေတနာ ဝေဖြာယှက်သန်း ပျားမုံ့ဆုပ်
ဆွမ်းဖြင့် လှူဒါန်းပူဇော်သည်ကို ခံယူတော်မူ၍ သာသနာ
တော်အရေး မြော်တွေးဆင်ခြင်ကာ ကြီးမားသော ကာရုဏာ
ဖြင့် ဒွေဝါစိကသရဏဂုံ ပြည့်စုံစွာဆောက်တည်စေ၍ ဆောက်
တည်ရာအရပ် ဥဲကျွောင်းတော်မြတ်ကို သုံးသပ်တော်မူပြီးကာ
ရှစ်ဆူသော ဆံကေသာတို့ကို ချီးမြှင့်တော်မူပါသဖြင့် စေတ
နာနှစ်ခြိုက် ရင်မှာပိုက်လျက် ဆိုက်ရောက်ပြန်ကာ လာခဲ့ကြ
ရာ ထိုအခါဘွင် အရှင်ကက္ကုသန္ဓစသည်သုံးပါး ရှေးဘုရားတို့
၏ တည်ထားရာဒေသသို့ မိမိသေသာခေတ္တဇာဂုံဏ်သိရ် ကပ်လုံး
ထိန်သော သိင်္ဂုတ္တရ ကမ္ဘာ့သရဖူ ဤကုန်းငူ၌နတ်လူဝှန်းအုံ
တိဂုံမည်သာ ကမ္ဗည်းဖြာလျက် သညာခေါင်ထိ အမည်မှည့်၍
အာဒိပဘာဝ ပထမကိန်းရှည် စိုက်ထောင်တည်ခဲ့သော ပေါက္ခ

ရဝတီ၊ ဌာနီပြည်စိုး သတိုးဥက္ကလာပမင်း ဖြစ်လျှင်းသတည်း။ မယွင်းသို့ နောင် လေးဆယ့်လေးတောင် အမြင့်ထောင်၍ ကျောက်ဆောင်ကျောက်အုတ် သမုတ်ပြခန်း ရွှေ့လုပ်နန်းတွင် ဘုန်းတမ်းပြင်းဝှန် သိကြားညွှန်၍ သုဝဏ္ဏသတို စိုးခြုံ နေလ သီဟရာဇာ လောင်းလျာမင်းဖျား မင်းတရားမှ သား မြေးမြစ်ညွန့် အဆွန့်ရည်စွာ သဒ္ဒါသူရ သမလနှင့် ဝိမလ ညီနောင်မြင့်ခေါင်စိုးမိုး မင်းသတိုးတို့ပဲခိုးပြည်တိုင်အပြိုင်အပြိုင် မယိုင်မယိမ်း မတိမ်းစေကြောင်း ထပ်လောင်းပြင်ဆင် ထို့ အပြင်လည်း ဘုရင်ကေရာဇ် မင်းထီးဖြစ်သော သီရိခေတ္တရာ ရာဇထွတ်ခေါင် ဒွတ္တဘောင်သည် မျှားမြောင်မနေ ကုန်ခံကျ၍ မူလစေတီ မြေဆီမြေအုတ် ထပ်မံလုပ်၍ ထိန်းချုပ်ဝန်းရံ တဘုန်တည်ဖြည့်ခဲ့ခြင်း။ ယင်း နောက်တဝ ရာမညအပိုင်း မွန်တိုင်းဥက္ကဋ္ဌ မုတ္တမဌာနီ ဝါရီယူမင်း အတူဆင်းလျက် အမင်းမင်းအဝဝ ရာဇဝံသ ရာဇပရမ္ပရာ အာဏာကြီးထူ ထီး ဖြူစိုက်ဆောက် မင်းကိုးယောက်တို့ စောင့်ရှောက်အုပ်ကွပ် စေတီမြတ်ကို တု ဝပ်မပျက် ဆက်လက်ပူဇော်ခဲ့ရာ ပေါက္ကာရာမ ပစ္စယသီရိ ဘွဲ့ပါဠိဖြင့် အရိမဒ္ဒနာ နေ်ရထာဟု စကြာစိုးလစ် မင်းကေရာဇ်နှင့် မြစ်တော်ထပ်ပေါင်း အလောင်းစည်သူ ထို သသူနှင့် အတူတကွနွှယ်ချင်းမျှသည့် နရသီဟပတေ့မင်းယင်း နှင့်ဆက်ကာ ကျော်စွာအမည်ခံ နန်းစံထီးဆောင်း မင်း အပေါင်းတို့လည်း ဟောင်းနွမ်းတိမ်းပါး ပျက်ပြားမရှိ ပကတိ အသွင် အနောမသဘင်ကို အစဉ်အစဉ် အလျှင်မပျက် ဆက် ကာဆက်ကာ ပြင်ဆင်၍ ဆင်ယင်လာခဲ့ရာ သာသနာတော်

နှစ် (၁၉၄၇) ခုနှစ်သက္ကရာဇ် (၇၆၆) နှစ်သို့ ရောက်လစ် လာခဲ့သော် မြေပေါ်ရေပေါ် တေဇော်ဖြိုးဝှန် တန်ခိုးချွန် သည့် မင်းဝန်ရာဇာ ရတနာပူရ အဝမင်းခေါင် ထို့နောင် မခြား သားတော်မျိုးတူ သီဟသူမင်းစိုး ပဲခိုးဟံသာဝတီ အောင်ပြည်လိုက်ဆူ သမိုက်ထူသော ဆင်ဖြူသခင် အရှင် ဗညားဦး အထူးဝေဆာ စက်အာဏာရှိ ရာဇာဓိရာဇ် ရင်နှစ် သည်းချာ သမီးရတနာမျက်ချယ် စောပုမယ်နှင့် ဆက်သွယ် တဝ မမှုစေတီ မင်းအလီလီတို့ ကူညီဆက်ကာ မပျက်ပါသဖြင့် ကိုးရာသက္ကရာဇ် ကာလခေတ်တွင် ကေရာဇ်မှန်ကူ အောင်လံ ထူသည့် ဆင်ဖြူများရှင် ဘုရင်နောင်ကျော်ထင် တသွင်မင်း ခေါင် အတိတ်ဆောင်လျက် ပျက်ယောင်တိမ်းပါး မြင်ကြားသ ရွှေ့ စုံစေ့မကျန်၊ ထပ်မံခဲ့ထွင် လှည့်အစဉ်ဖြင့် အရှင်ကေ သီ မြတ်စေတီကို အောက်စီထပ်ဖော် ဘိနပ်တော်မှ အထက် မြင့်ကျူး ငှက်ပျောဘူးတိုင် မယိုင်ခံအောင် သံဘောင်တရာ လွန်ကာရှစ်ဆယ့်ခြောက် အမြင့်ဆောက်၍ မောက်မောက် စွင့်စွင့် ကပ်လုံးတင့်မျှ လှစ်ဖွင့်ရွှေထီး အသေရေ မညီးအောင် နေမီးသဏ္ဌာန် ဗိုလ်ပေါင်းရံလျက် ထပ်မံတည်ခဲ့လေသတည်း။

ထိုစဉ်နည်းဖြင့် အပြီးတဖုံ ပြည့်စုံလျှမ်းမောက် မီးတောက် နေဝါ ဖြစ်ခဲ့ကာဖြင့် ရတနာသိင်္ဃ၊ ဝံသမျိုးရိုး သဗ္ဗိုးမမှုရာဇ် လောင်းမင်းသစ်နှင့် ရင်နှစ်သခင် ဆင်ဖြူရှင်တို့ အသွင်ပတိမ်- မာရဇိန်ကို သိဂ်နက်ပန်း ကြင်နမ်းစိုက်ထူ ဆက်ခါလှူပြီး၊နောက် ထပ်တမူ နတ်လူတကာ ပတ္တနာ နူတ်သံ သမုဋ္ဌာန်ကြောင့် ယံ

သာဝတီ၊ မဟာဓိဇေယျ လေးမြစ်ဆုံသော၊ ဒဂုံမည်သာ မြို့နဂရာ၌ သဒ္ဒါပွားစီး ခိုမှီးနေသူ ရှင်လူတစု တောင်းပန်မှုကြောင့် သာသနာပြုရေး အားပေးချီးမြှောက် မုံသောက်ဇာနည် ဌာနီရတနာပုံ လွှမ်းခြုံမင်းဖျား ဘဝရှင်မင်းတရားကြီးသည် များဖြည်းဥစ္စာ ရတနာအထွေထွေ ရွှေငွေစိန်ကျောက် လိုသလောက်ဖြည့်ပြင် ထီးတော်တင်ပြီးလျှင် ထီးရှင်ဒါယကာ ထိုရာဇာ၏ သည်းချာနှီးရင်း သီဘောမင်းသည် အသင်းအပင်း တျင်းတျင်းပတ်ရံ အမှုခံ၍ နန်းစံသောအခါ ခြောက်နှစ်အကြာတွင် အနိစ္စာဝတ သခ်ရနယ်ပိုင်းသို့၊ ကိုင်းရှိုင်း သက်ဝင်သဖြင့် ထက်ခွင်နဘ ကောင်းကင်ယံတွင် ပျံသည့်ကြယ်အလား သာသနာပြုမင်းများ ပျောက်ကွယ်သွားသဖြင့် မြန်မာအများ ရေနည်းငါးကဲ့သို့ အင်အားမကြီး ထီးမဲ့နန်းမဲ့ ဖြစ်ခဲ့လုံးလုံး ကြိမ်မီးအုံးသို့ သိမ်းကြုံးကြေကွဲ ဝမ်းနည်းစရာ ဖြစ်ပေါ်လာသည်မှာ ဝေဟင်မာ အာဇာဋ္ဌာထိပ် မိုးတိမ်ရိပ်မှ ကရဝိတ်ကျူးသံ ခုန်ဝဲပျံသည့် သဏ္ဌာန်နည်းမှီး ကြည်းရေဟီးလျက် ထီးတော်အထက် ငှက်မြတ်နားထွတ် တမွတ်ထောင်စိုက် စိန်မကိုက်လျှင် အမြိုက်သုခ ရပစေရန် တန်ခိုးစျာန်ဖြင့် တဖန်တွန့်ခေါက် ခြေတော်အောက်သို့ မထောက်မသေ့ ရောက်လာလေသတည်း။

ယင်းသို့တွန့်ခေါက် ခြေတော်အောက်သို့ ရောက်လတ်သောအခါ ရာမညတိုင်း တလိုင်းသုံးရပ် ပြည်သုံးထပ်နှင့်

အစပ်မကွာ သုနာပရန် တမ္ပဒီပ ကမ္ဘောဇယွန်း တဝန်းတလျား ပြည်သူများတို့သည်၊ စိတ်ထားစေတနာ ထက်သန်စွာဖြင့် မဟာဂေ ါပက နယကလူကြီးအသီးသီးအတန်တန်ဌာနန္တရမကျန် ရအောင် မန္တသတ္တိ နှိုင်းညှိဆွေးနွေး စည်းဝေးတိုင်ပင်ကြပြီးလျှင် အစဉ်အဆက် ဖိုလ်မင်္ဂအခြေ ဖြစ်ပစေသော မနောပဏိဓိ ပဲတ္တနာရှိ၍ များဘိစိန်ရွှေ အထွေထွေဖြင့် တာရှည်ခိုင်ခံ့ တည်တံ့ကြံ့ကြာ ဖြစ်စေငှာဟု အာရုံပြု၍ သုံးလူ့ထိပ်ထား မြတ်ဘုရားကို တည်ထားပူပြင်ကြလေသည်။ ဤသို့အရပ်ရပ် မပြတ်ပူပြင် ဘုရားရှင်ကို အစဉ်မပြတ် သတ်မှတ်ခန့်ရှယ် အံ့ဘွယ်သရဲ ထူးကဲလွန်စွာ ရတနာရွှေငွေ အထွေထွေထိန်ထောက် စိန်ကျောက်မြသား အစားစားအမျိုးမျိုး အဘိုးစရိတ် မဖိတ်စေ့စီ အစုစုလီလိုက်လျှင် ရူပီဒင်္ဂါး "ငွေသားရှစ်သိန်း ငါးသောင်း နှစ်ထောင့်ခြောက်ရာ ရှစ်ဆယ်လေးကျပ်" အဆုံးသတ်၍ လူနတ်များဖုံး ပျားနှယ်အုံလျှက် လုံးစုံစကြဝဠာ ကမ္ဘာထိုထို မြင့်မိုရ်တရိုး တောစိုးတောင်စိုး မြေမိုးကောင်းကင်ပဲ့တင်ရိုက်မွန်း ရေစက်သွန်းလျှက် ချပနက်ဖြင့် အထက်ဝတိံသာ မဟာအာယူဇ္ဈနန်း နံ့တ်ကြငန်းသို့ နှစ်လုမ်းသုံးဖဝါးတန်ခိုးအားဖြင့် ကြွသွားချင်းဖောက် တက်ရောက်တော်မူသည့် ပမာ ဘူတာဝါဟ သဘာဝလေဟုန် ိုန်းဆုကဲကြူသဖြင့် တဖုံစိန်ထွင်ရှ တမွတ်ရွှေသား ငှက်မြတ်နားသည် ထက်ဖျားအထွတ် ညွှာမှလွတ်လျက် ပွင့်ဝတ်တမျှ မြေသို့ကျသည်ကို ဖျဖျဝိုင်းအုံ တိုင်းလုံးခြုံ၍ ကြည်ယုံသဒ္ဓါ စေတနာဖြင့် သူပြာဘိုးငိုက် ယင်းမကိုဋ်ကို ထိုက်သည့်အရာ သူ့ဌာနံသို့ သေ

ချာမလှင့် ကြိုးစုံဖွင့်၍ ဆော်ပင့်သည့်အကြောင်း သူတော်ကောင်းတို့ သိကောင်းစရာ ပျို့လင်္ကာဖြင့် ကဗျာစပ်ချိုး မိုသင်းထိုးသည် တန်ခိုးမဇာမ်စေကြောင်းတည်း။

(ဤတွင် သမိုင်းလင်္ကာပြီး၏)

အားလုံးသတ္တဝါတွေ ချမ်းမြေ့ကြပါစေ။

ဓမ္မာစရိယ ဦးဘင်မြှင့်

အမှတ် [၁၄] အနော်ရထာလမ်း ဂွတ္တာလစ်

ရန်ကုန်မြို့။

ဤ ပရိတ်တော် ၃၇ သုတ်
ကျမ်းကို—

ရတနာစာပေ
အမှတ် ၁၀၊ ရွှေတိဂုံဘုရား
စျေးတော်ရုံ၊ တောင်ဘက်မုခ်
ရန်ကုန်မြို့တွင် ရနိုင်ပါသည်။